# လူတိုင်းလှစေချင်ပါတယ်



"သစ္စာ"

ငါ့စာဖတ်၍ ၊ မမြတ်တိုင်စေ
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တလေ
တွေ့ကြားပေမူ၊ စာပေကျေးကျွန်
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု ၊ စာဖတ်သူပေါ်
ခေါင်းကိုကျော်၊ ငါသော်ဆရာ
မလုပ်ပါတည်း...

တက္ကသိုလ်ဘုန်းနိုင်

အနုပညာမိုးရေစက်တွေနဲ့ လှစေချင်တယ်

လွန်ခဲ့တဲ့ ၁၈ နှစ်လောက်ကစပြီး အချစ်ရသဝတ္ထု ရေးလာတဲ့ စာရေးဆရာ တစ်ယောက်က ရသစာပေ မရေးတော့ပါဘူး၊ လိုင်းပြောင်းရေးနေပါပြီလို့ သူ့ရဲ့ "ခရီးသည် " အတွေးစာစု စာအုပ်မှာ ရေးထားတော့ ဖြစ်နိုင်တာပေ့ါလို့ ပဲ တွေးမိပါတယ်။ အလုပ်တာဝန်ကိုယ်စီ ကိုယ့်ဘဝနဲ့ ကိုယ် မဆုံဖြစ်ကြတာ ၁၅ နှစ်လောက် ကြာသွားတဲ့ အတွက်လည်း ပြောင်းလဲနိုင်တဲ့ သဘာဝတရား အတွေးအခေါ် အယူအဆ ခံယူချက်တွေအပေါ် ကျွန်မ ဘာစောဒကမှ မတက်လိုခဲ့ပါ။ စာအုပ်တွေပို့ပေးပြီး ဖတ်ပေးပါဦးဆိုတော့လည်း ဖတ်ကြည့်ပြီး "နိုက်" ဟာ အဘိဓမ္မာဆရာလား၊ တရားဟော ဓမ္မကထိကလား၊ ပါဠိမဲ့ရသ ဘာသာရေးစာရေးဆရာလားဆိုတာ စဉ်းစား ပိုင်းခြားနိုင်စွမ်း မရှိခဲ့ဘူး။ သေချာတာကတော့ "ရင်ကွဲတစ္ဆေ" တို့ "မှော်" တို့ ရဲ့ ရေးဟန်မဟုတ်တော့ပါ။ မကြာသေးခင် ရက်ပိုင်းကတော့ စာမူတွေလှမ်းပို့ပေးပြီး တစ်ခုခု အမှတ်တရ ရေးပေးပါလို့ ပြောတော့ ကျွန်မ အတော်ကြီး လန့်ပြီး ငြင်းမိပါတယ်။ သူ့စာစုတွေက ဖလော်ဆော်ဖီတွေ၊ သိပ္ပံနည်းကျ ကိုးကားချက်၊ ယူဆချက်တွေ...နိပါတ်တော်လာ ပုံပြနိမိတ်တွေကို ဘယ့်နှယ် ဝေဖန်နိုင်ပါ့မလဲ ဆိုပြီးတော့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် ရေးစေချင်နေတဲ့ ဆန္ဒကိုအားနာစွာနဲ့ ပဲ စာမူတွေ ဖတ်ကြည့်မိပါတယ်။ အရေးအသားတွေက ဘယ်ဘက်ကို ယိမ်းတယ်၊ အယူအဆတွေက ဘယ်ကို ဦးတည်တယ်ဆိုတာထက် သူ့စာတွေမှာ တွန်းအားတွေ ပါနေပါတယ်။ သူ့ခေါင်းစဉ်လေးတွေကိုပဲ အရင်ဆုံး မိတ်ဆက်ရေးပြပါမယ်။ ဘာတဲ့ "ကိုယ်မြင်တာ ကိုယ့်ဘဝ၊ မိုးစက်တွေက ညီတူညီမျှ"၊ "စိတ်ဖောင်းကြွသူများ "၊"ကိုယ့်ယဉ်ကျေးမှု"၊"မြောက်ကျွန်းသူ မြောက်ကျွန်းသားတွေ"၊ "လူတိုင်း လှစေချင်ပါတယ်" နောက် ရှိပါသေးတယ်၊ မဂ္ဂင်ရှစ်ပါးကို ဗုဒ္ဓရဲ့ လမ်းညွှန်မြေပုံ (Road Map) တဲ့ ၊ မာနကြီးသူတွေကို စိတ်ဖောင်းကြွသူတွေတဲ့ လေ။ ကံ

တရားလှပတာက ငါးပါးသီလ လုံလို့ ပါဆိုပြီး ကမ္ဘာကြီးကို မြောက်ကျွန်းကြီး ဖြစ်စေချင်တဲ့ စေတနာ သူ့မှာ ရှိနေပြန်ပါတယ်။ သူသိသမျှ ပြန်ပေးလိုတာ အမှန်ပါပဲ။ ဒီနေရာမှာ ကျွန်မပြောနိုင်တာ တစ်ခုက စာဖတ်သူတိုင်း ပရိသတ် မဖြစ်နိုင်ပါဘူး။ ဝေဖန်ပိုင်းခြားနိုင်သူတွေ ဖြစ်နိုင်သလို ကိုယ့်ထက် အတွေးအသိ ထက်မြက်သူတွေလည်း ပါနိုင်ပါတယ်။ စာရေးဆရာဟာ ဖတ်တဲ့ သူအသံကို နားထောင်နိုင်ဖို့ ပဲ အရေးကြီးပါတယ်။ ဘာအတွက် ရေးတာလဲ၊ ဘာကြောင့် ရေးတာလဲဆိုတာကိုတော့ စာရေးသူကိုယ်တိုင် သိထားပြီးသား ရည်ရွယ်ချက်ရှိမှာ ပါ။ ကိုယ်သိသလောက်၊ ကိုယ်ကျင့်ကြံသလောက် သူတစ်ပါးကိုလည်း ပေးဝေလိုတဲ့ စိတ်က မင်္ဂလာတစ်ပါးပါ။ ကိုယ်ဖန်တီးထားတဲ့ အတွေးရသစာတွေနဲ့ စေတနာအားကောင်းကောင်း အနုပညာပါပါနဲ့ လောကကောင်းကျိုး သယ်ပိုးနိုင်ပါစေ။

***

ကျွန်တော်အားကျခဲ့တဲ့ အလောင်းစည်သူ
အိုခြင်း၊ နာခြင်း၊ အောင်နိုင်ခြင်း တွေးတွေးဆဆ

ကျွန်တော် အသက် ၄၀ တင်းတင်းပြည့်ပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ ငါ အို လာပြီလားလို့ ဘယ်တုန်းကမှ မတွေးခဲ့မိပါဘူး။ ၄၀ တင်းတင်း ပြည့်တဲ့ နေ့မှာ ဇနီးဖြစ်သူဆီ ဖုန်းဆက်ပါတယ်။ ကျွန်တော်က မိသားစုနဲ့ ခွဲခွာပြီး နယ်စပ်ဒေသမှာ တာဝန် ထမ်းဆောင်နေရတာပါ။ ထုံးစံအတိုင်း Happy Birthday တွေလုပ်ပြီးတော့ ဇနီးက စကားတစ်ခွန်းပြောပါတယ်။ ဒီလိုပါ။



"ဆရာတော် ဦးဇောတိကရဲ့ တရားတော်ထဲမှာ ပါတယ်။ အသက် ၄၀ ဆိုတာ လူ့ဘဝရဲ့ မွန်းတည့်ချိန်တဲ့ "။ မွန်းတည့်ချိန်၊ ...မွန်းတည့်ချိန် ဆိုတဲ့ စကားတစ်ခွန်းဟာ ကျွန်တော့်နှလုံးသားထဲမှာ အသံအကျယ်ကြီး မြည်ဟိန်းသွားခဲ့ပါတယ်။ မွန်းတည့်မယ်...မွန်းတည့်ပြီးတော့ မွန်းတိမ်းမယ်၊ ပြီးတော့ နေဝင်ချိန်ကို ဖြတ်သန်းရဦးမယ်၊ ပြီးတော့....ပြီးတော့။ အသက် ၄၀ ဆိုတာ လူ့ဘဝရဲ့ အစလို့ ဆိုကြပါတယ်။ အသက် ၄၀ ဆိုတာ ပညာအားဖြင့်လည်း စုံသင့်သလောက် စုံပြီ၊ ဗဟု သုတအရာမှာ လည်း ထိုက်သင့်သလောက် ရခဲ့ပြီ၊ ဘဝအတွေ့အကြုံလည်း စုံသင့်သလောက် စုံခဲ့ပြီ၊ ကျန်းမာရေးအားဖြင့် ကောင်းနေသေးတဲ့ အရွယ်၊ ပညာ ၊ ဗဟု သုတ၊ စီးပွားစုံလင်စွာနဲ့ ရှေ့ဆက်ပြီး ဘဝကို အကောင်းဆုံး အသုံးချနိုင်တဲ့ အရွယ်၊ လောကကို အကောင်းဆုံး အကျိုးပြုနိုင်တဲ့ အရွယ်မို့လို့ ဘဝဟာ အခုမှ စတာပါလို့ ပြောကြတာပါ။ ဒါပေမဲ့ ဆရာတော် ဦးဇောတိက ကတော့ မွန်းတည့်ပြီတဲ့ ။

ဆရာတော် ဦးဇောတိက ကတော့ မွန်းတည့်ပြီတဲ့ ။ တကယ်တော့ ကျွန်တော်ဟာ အိုရမှာ ကို တော်တော်ကြောက်ပါတယ်။ ဆံပင်တွေ ဖြူသွားမှာ ...သွားတွေ ကျိုးသွားမှာ ၊ အသားအရေတွေ ရှုံ့တွသွားမှာ ၊ အိုမင်းမစွမ်းတဲ့ ၊ တကယ့်ကို အိုမင်းမစွမ်းတဲ့ ဘဝကြီးကို သိပ်ကြောက်ပါတယ်။ ဇာတိ၊ ဇရာ၊ ဗျာတိ၊ မရဏတဲ့ ။ သူ့ဘာသာသူ ဇာတိ၊ ဇရာ၊ မရဏမကလို့ ဘာကြီးပဲဖြစ်ဖြစ်...ငါနဲ့ မဆိုင်သေးဘူး၊ ငါ့မှာ အခုမှ သန်သန်မြန်မြန် နုနုငယ်ငယ် ရှိနေတုန်းလို့ ၄၀ နှစ်လုံးလုံး တွေးခဲ့မိတာပါ။ ငယ်ငယ်တုန်းကတော့ သမိုင်းထဲမှာ သင်ခဲ့ဖူးတဲ့ အလောင်းစည်သူမင်းကြီးကို သိပ်အားကျခဲ့ဖူးပါတယ်။ "ငါ မအိုသေးဘူးလို့ "လက်ရုံးဆန့်ပြီး ကြုံးဝါးခဲ့တဲ့ ဘုရင်ကိုး။ မင်းကြီးကို အားကျလို့ မင်းကြီးရဲ့ ရာဇဝင်ဟာ ဘယ်အချိန် စဉ်းစားစဉ်းစား အမြဲလတ်ဆတ်နေခဲ့တာပါ။ ကျွန်

တော့်သမီးနဲ့ သားတို့ ရဲ့ အိပ်ရာဝင်ပုံပြင်လည်း ဖြစ်ခဲ့တာပါပဲ။

အလောင်းစည်သူ မင်းကြီးဟာ ဘုန်းရှိန်ကံရှိန် သိပ်ကိုကြီးမားတဲ့ မင်းဖြစ်ပါတယ်။ လက်ညှိုးညွှန်ရာ ရေဖြစ်တယ်လို့ ထင်ရှားတာပါ။ တိုင်းတစ်ပါး နိုင်ငံတွေကိုလည်း တိုင်းခန်း လှည့်လည်လေ့ရှိပါတယ်တဲ့ ။ အဲဒီလို တိုင်းခန်းလှည့်လည်ရင်းနဲ့ ဘင်္ဂလားကို ရောက်တော့ ဘေးတော် အနော်ရထာမင်း လက်ထက်တော်က ထားခဲ့တဲ့ အနုပညာ ကျောက်ရုပ်တွေကို တွေ့ပါတယ်။ ဘာဖြစ်လို့ မတီးမမှုတ်ကြတာလဲလို့ မေးလိုက်တဲ့ အခါ အဲဒီကျောက်ရုပ်တွေဟာ ချက်ချင်း အသက်ဝင် လာပြီးတော့ မင်းကြီးရဲ့ အလိုကျ တီးမှုတ် ကခုန်ကြပါတယ်တဲ့ ။ အဲဒီလောက် ဘုန်းကြီးတဲ့ မင်း ဆိုတော့ အားကျကြည်ညိုမိတာပေါ့။

မင်းကြီး မလ္လာယုကျွန်းကို ရောက်ပါတယ်။ နတ်ဘီလူးတွေက "ဘုန်းကြီးတဲ့ မင်း" ဆိုပြီးတော့ ကမ်းလုံးညွတ် ကြိုကြ၊ ကြည့်ကြပါတယ်တဲ့ ။ ဘီလူးမတစ်ယောက်များ အကြည့်လွန်သွားလို့ ရင်ခွင်ပိုက်သား ရေထဲကျသွားသတဲ့ လေ။ ဘီလူးမက ငိုယိုပြီး တောင်းပန်တဲ့ အခါ မင်းကြီးက ရေကို ကြိမ်စကြာနဲ့ ရိုက်ပြီး မဏိမေခလာ နတ်သမီးကို ကယ်ခိုင်းပါသတဲ့ ။ နတ်သမီးက ကယ်ပေးရပါတယ်။

မာန်အောင်ကျွန်းကို ရောက်ခဲ့ပါသေးတယ်။ မာန်အောင်မင်းက အလောင်းစည်သူမင်းကြီးကို သူလည်း ဘုရင်၊ ငါလည်း ဘုရင်ပဲ ရှိမခိုးချင်ဘူးဆိုပြီး လည်ပင်းမှာ အိုးဆွဲပြီး ရေထဲမှာ ဆင်းသေပါသတဲ့ လေ။ ဒါကို မင်းကြီးကသိတော့ ငါလို မင်းကို ရှိမခိုးဘဲ သေရသလားဆိုပြီး ကြိမ်းပါတယ်။ ကိုင်း...အခု ရှိခိုးစမ်းဆိုပြီး ရေထဲကို လက်ညှိုးညွှန်ပြီး မိန့်ကြားလိုက်တဲ့ အခါ မာန်အောင်မင်းရဲ့ အလောင်းဟာ ပုဆစ်တုပ် ရှိခိုးလျက်နဲ့ ရေပေါ်ကို ပေါ်လာရပါသတဲ့ ။

တစ်ခါတော့လည်း မင်းကြီးက လက်ရုံးကို ဆန့်ပါတယ်။ အသက်ကြီးလာတော့ လက်ပျဉ်းတွေ ကျတာပေါ့လေ။ ဒါကို အမတ်ကြီးတွေက ကျိတ်ရယ်ကြပါသတဲ့ ။ ဒါကို မင်းကြီးက မြင်ဖြစ်အောင် မြင်လိုက်သေးတယ်။ ဒီအမတ်တွေ ငါ့များ အိုပြီ၊ မစွမ်းပြီလို့ ထင်သပေါ့လေ။ ငါ့အစွမ်းများ ပြကြသေးတာပေါ့လို့ ဆိုပြီး စိတ်ထဲက ကြုံးဝါးပါတယ်။ ပြီးတော့မှ တုရင်တောင်ခြေမှာ လူဆိုးတစ်ယောက် သောင်းကျန်းနေလို့ သွားဖမ်းချေဆိုပြီး လွှတ်လိုက်ပါတယ်တဲ့ ။ အဲဒီနောက် နေဝင်ဖျိုးဖျအချိန် မင်းကြီးဟာ ရုပ်ဖျက်ပြီးတော့ တုရင်တောင်ခြေကို သွားပါတယ်။ မြင်းရေး၊ ဓားရေး အမျိုးမျိုး ကစားပြတယ်။ အမတ်တွေ ဝိုင်းဖမ်းတော့ ဖမ်းမရပါဘူးတဲ့ ။ နောက်တစ်နေ့ ညီလာခံမှာ အမတ်ကြီးတွေက လျှောက်တင်ကြပါတယ်။ လူဆိုးဟာ မြင်းရေး၊ ဓားရေး အလွန်ကျွမ်းကျင်ကြောင်း၊ ဘုန်းတန်ခိုး ကြီးမားပြီး ဘယ်လိုမှ ဖမ်းလို့ မရကြောင်း လျှောက်တင်တော့မှ မင်းကြီးက နင်တို့ ငါ့ကို အိုပြီ၊ မစွမ်းနိုင်လို့ မှတ်ကြတယ်မဟုတ်လား၊ ငါမအိုသေးဘူး" လို့ မိန့်တော်မူပြီး လက်ရုံးကို ဆန့်တန်းတော်မူပါတယ်တဲ့ ။

ဩော်...

အဲဒီလောက် ဘုန်းကြီးတဲ့ မင်း၊ အဲဒီလောက် တန်ခိုးကြီးတဲ့ မင်း၊

အဲဒီလောက် မာနကြီးတဲ့ မင်း

ကျွန်တော် သိပ်ကို အားကျမိခဲ့တာပေါ့။

ငယ်ငယ်တုန်းကတော့ ဒီအခန်းလောက်ထိပဲ ကိုယ်နှစ်သက်သလို သမိုင်းကြောင်းကို ကောက်ယူပြီး အလောင်းစည်သူမင်းကို အားကျ ကြည်ညိုခဲ့တာပါ။ မင်းကြီးရဲ့ ဇာတ်သိမ်းခန်းကို သင်ကြားခဲ့ရပေမယ့် သံဝေဂ ရရကောင်းမှန်း မသိခဲ့ပါဘူး။

မင်းကြီး အိုမင်းလာ၊ နာမကျန်းဖြစ်လာတော့ သားမိုက် နရသူက မင်းကြီးကို ရွှေဂူဘုရားထဲကိုပို့ ၊ အဝတ်နဲ့ ဖိအုပ် သတ်ပါသတဲ့ လေ။ ထီးနန်းကို လိုချင်တာကြောင့်ပါ။ "ငါ မအိုသေးဘူးဆိုတဲ့ ဘုရင် နတ်ရွာစံရ ရှာပါတယ်။ နက်နက်နဲနဲ စဉ်းစားရင် တော်တော်လေး သံဝေဂရဖို့ ကောင်းပါတယ်။ ဒီအသက် ဒီအရွယ်ကို ရောက်တော့မှ စဉ်းစားမိတာ တစ်ခု ရှိပါတယ်။ တုရင်တောင်ခြေမှာ မင်းကြီးဟာ မြင်းရေး ကစားပြတဲ့ အခါ အမတ်ကြီးတွေက တကယ်ပဲ မဖမ်းနိုင်တာလား၊ မင်းကြီးမှန်းသိလို့ တမင် မဖမ်းတာလား ဆိုတဲ့ အချက်ပါ။ သြော်...ဘာပဲဖြစ်ဖြစ် ငယ်ငယ်တုန်းက မရခဲ့ဘူးတဲ့ သံဝေဂတစ်ခု အခုအချိန်မှာ မှ ရလိုက်သလိုလိုပါပဲ။ အိုခြင်း၊ နာခြင်း၊ သေခြင်းကို ဘယ်သူက တားနိုင်မှာ လဲလေ။

ဘယ်သူကမှ မတားဆီးနိုင်ပါဘူး။ ဒါပေမဲ့ အတော်များများကတော့ ဟန်ဆောင်ကောင်းကောင်း နဲ့ ပဲ ငါ မအိုသေးဘူး၊ ငါ မနာသေးဘူး၊ ငါမ သေနိုင်သေးပါဘူးလို့ ထင်နေကြတာပဲလေ။ လူတွေများ တစ်ယောက်နဲ့ တစ်ယောက် ကွဲကွာနေကြလို့ ပြန်ဆုံတွေ့ကြတဲ့ အခါ နှုတ်ဆက်စကား သဘောတရားကို ကြည့်ပါလား။ အထူးသဖြင့် မိန်းမတွေပေါ့လေ။ အရင်အတိုင်းပဲနော်တဲ့ ။ ဘာမှ မပြောင်းလဲသွားဘူး၊ လှတုန်း ချောတုန်းပဲတဲ့ ။ အမှန်မှာ တော့ ပြောသူရော အပြောခံရသူတို့ ပါ အရင်တိုင်း မဟုတ်ကြမှန်း သိကြပါတယ်။ တကယ်တမ်းမှာ လည်း တစ်စက္ကန့် အတွင်းမှာ ကို ဖြစ်ပျက်ပြောင်းလဲနေတဲ့ ဒီခန္ဓာကိုယ်ကြီးက အချိန်တိုင်း အချိန်တိုင်းမှာ ကို အရင်တိုင်း မဟုတ်တော့တာပါ။ ခန္ဓာကိုယ်ရဲ့ အလှအပတွေက အချိန်တိုင်း အချိန်တိုင်းမှာ ကို တန်ဖိုးလျော့လာပါတယ်တဲ့ ။

ဇရာနဲ့ ပတ်သက်တဲ့ သံဝေဂရဖို့ ကောင်းတဲ့ ဇာတ်တော်တစ်ခု ရှိပါတယ်။ ဥဒယဘဒ္ဒ ဇာတ်ပါ။ ဇာတ်လမ်းအကျဉ်းကို ပြောပြချင်ပါသေးတယ်။

တိုင်းပြည်တစ်ပြည်မှာ ချစ်ခင်နှစ်သက်စွာ ပေါင်းသင်းနေထိုင်ကြတဲ့ မင်းသားနဲ့ မင်းသမီးလေးတို့ ရှိပါတယ်တဲ့ ။ ငယ်ရွယ်နုပျိုစဉ်မှာ ပဲ မင်းသားလေးဟာ ရုတ်တရက် ကွယ်လွန်ခဲ့ပါတယ်။ မင်းသမီးလေးက သိပ်ချစ်ရှာတော့ ပူဆွေး၊ တမ်းတမဆုံး ဖြစ်ရပါတယ်တဲ့ ။ အချိန်ကာလတွေ ကြာမြင့်သွားခဲ့ပါတယ်။ မင်းသမီးလေးကတော့ မင်းသားလေးကို သတိရနေတုန်းပါ။ တစ်ရက်မှာ တော့ အိမ်နီးချင်းတိုင်းပြည်က ချောမောတည်ကြည်တဲ့ မင်းသားလေးတစ်ပါး မင်းသမီးလေးဆီကို ရောက်လာပါတယ်။ ချစ်ရေးဆိုပါသတဲ့ ။ ရွှေလင်ပန်းတစ်ချပ်ကို လက်ဆောင်ပေးပြီး ချစ်ရေးဆိုတာပါ။ မင်းသမီးလေးက ငြင်းပါတယ်။ သူက မင်းသားလေးကို မမေ့နိုင်သေးတာကိုး။ သစ္စာတရားကတော့ ချီးကျူးစရာ ကောင်းပါတယ်။

မင်းသားလေး ပြန်သွားတယ်။ ဇွဲမလျှော့ပါဘူးတဲ့ ။ နောက်တစ်ရက် ထပ်ရောက်လာခဲ့တယ်။ ဒီတစ်ခါတော့ လက်ဆောင်အဖြစ် ငွေလင်ပန်းကို ပေးပြီး ချစ်ရေးဆိုတာပါတဲ့ ။ မင်းသမီးလေးက ငြင်းလိုက်ပြန်တော့ ပြန်သွားရပါတယ်တဲ့ ။။

ဒီလိုနဲ့ မင်းသားလေးလည်း နောက်တစ်ခေါက် ထပ်ရောက်လာပါတယ်တဲ့ ။ ဒီတစ်ခါတော့ လက်ဆောင်အဖြစ် ကြေးလင်ပန်းနဲ့ ပါ။ ချစ်ရေးဆိုလေတော့...မင်းသမီးလေးက ဒေါသထွက်ပါတော့တယ်။ အသင် မင်းသားဟာ အတွေးအခေါ် ညံ့ဖျင်းလှရဲ့ ပေ့ါလေ။ ရွှေလင်ပန်းနဲ့ တောင် ချစ်ရေးဆိုမရတဲ့ ကျွန်မဟာ ပိုပြီးတန်ဖိုးကြီးတဲ့ ပစ္စည်းနဲ့ သာ ရကောင်းရနိုင်မှာ ပေ့ါတဲ့ ။ တန်ဖိုး နည်းနည်းသွားတဲ့ ငွေလင်ပန်း၊ ကြေးလင်ပန်းတွေနဲ့ ချစ်ရေးဆိုတော့ ပိုပြီး မရနိုင်ပါဘူး။ အသင်ဟာ အတွေးအခေါ်မဲ့သူ၊ စဉ်းစားဉာဏ်မဲ့သူသာ ဖြစ်ပါတယ်ဆိုပြီး ရန်စကားပြောပါသတဲ့ ။ အဲဒီအခါမှာ မင်းသားလေးက သူဟာ အတွေးအခေါ်ရှိသူ၊ စဉ်းစား

ဆင်ခြင်ဉာဏ်ရှိလို့ သာ အခုလို လက်ဆောင်ပစ္စည်းကို တန်ဖိုးလျော့လျော့ပြီး ပေးခြင်းဖြစ်တယ်လို့ မင်းသမီးလေးကို ပြောပါတယ်။ လူဆိုတာက မွေးကတည်းက စလို့ အိုမင်းခြင်းက အမြဲမပြတ် စိုးမိုးနေတာကြောင့် နေ့စဉ်ပဲ အိုနေရပါတယ်တဲ့ ။ မင်းသမီးလည်း ဒီလိုပါပဲ၊ တစ်နေ့ထက် တစ်နေ့ အိုအိုလာတာကြောင့် လက်ဆောင်ပစ္စည်းတွေဟာ တန်ဖိုး လျော့လျော့လာတာပါလို့ ရှင်းပြပါတယ်။ မင်းသမီးလည်း ဇရာရဲ့ သဘောသဘာဝကို နားလည် သွားခဲ့တယ်။ အဲဒီအခါမှ မင်းသားလေးဟာလည်း မင်းသားအသွင် ပျောက်ပြီး နတ်သားအသွင် ဖြစ်လာပါတယ်တဲ့ ။ တကယ်တော့ ဒီနတ်သားဟာ အရင်ဘဝက မင်းသမီးရဲ့ လင်ယောက်ျားပါ။ တစ်နေ့တစ်နေ့ မင်းသားလေးကို လွမ်းဆွတ်ပြီး အကျိုးမဲ့ အချိန်တွေကုန်နေတာ မေ့မေ့လျော့လျော့ အချိန်တွေဖြုန်းနေတာကို လာသတိပေးတာပါ။

အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ မနီးမီ ဒါန၊ သီလ၊ ဘာဝနာ စတဲ့ ကုသိုလ်တရားတွေကို ကြိုးစားလုပ်ဖို့ ဆုံးမပြီးတော့ မင်းသားလေးဟာ နတ်ပြည်ကို ပြန်သွားခဲ့ပါတယ်။

အိုခြင်းတရားဟာ အသက်အရွယ်ကြီးရင့်မှ နှိပ်စက်တတ်တာ မဟုတ်ဘဲ မွေးဖွားသည် မှ စလို့ သေဆုံးသည် အထိ အမြဲမပြတ် နှိပ်စက်တတ်တဲ့ သဘောဆိုတာကို နားလည်လာနိုင်တာပါ။ အိုခြင်းတရား နှိပ်စက်တာကြောင့် လူတစ်ယောက်ရဲ့ အလှတရားတွေ လျော့ပါးသွားမယ်။ တန်ဖိုးတွေ လျော့ကျလာမယ်။ ဒါဟာ သဘာဝပဲလေ။ ရုပ်အလှတွေ လျော့ကျလာလို့ ၊ ပါးရေနားရေတွေ တွန့်လာလို့ ၊ ဆံပင်တွေ ဖြူလာလို့ ထိုင်စိတ်ညစ်နေလည်း (Depression) ဖြစ်လာဖို့ ပဲ ရှိမှာ ပါ။ အိုတာကို ကြောက်နေလို့ လည်း မအိုဘဲနေမှာ မှ မဟုတ်တာကိုး၊ ရုပ်အလှတွေ ကျဆင်းလာပေမယ့် တန်ဖိုးတက်အောင် လုပ်ယူလို့ ရတဲ့ အရာတွေ

တော့ ရှိပါတယ်။ ဘဝတန်ဖိုးပါ။ ကိုယ့်ဘဝရဲ့ တန်ဖိုး၊ ကိုယ့်အသိဉာဏ်ရဲ့ တန်ဖိုး မြင့်သထက်မြင့်အောင် ကြိုးစားပြီး လောကကို အလှဆင်နိုင်တဲ့ လူသားတွေဖြစ်ဖို့ အသက်ကြီး လာလေလေ ပိုလိုအပ်လေလေ ပါလားလို့ တွေးမိပါတယ်။

တကယ်တော့ အသက်ကြီး လာလေလေ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံ ဗဟု သုတ များ လေလေ၊ ဆည်းပူး သင်ယူခဲ့တာတွေ များလေလေ၊ လောကကို အကျိုးပြုနိုင်တဲ့ စွမ်းအားတွေ ပေါ်ထွက် လာလေလေပါ။ ကမ္ဘာကျော် ပန်းချီဆရာကြီး မိုက်ကယ်အိန်ဂျလိုဟာ အသက် ၇၆ နှစ်အရွယ် ရောက်မှ သူ့ရဲ့ အအောင်မြင်ဆုံး နံရံကျောက်စီ ပန်းချီကားကြီး ရေးနိုင်ခဲ့တာပါတဲ့ ။ ဘင်ဂျမင် ဖရန်ကလင်ဟာလည်း အသက် ၇၈ နှစ်ရောက်မှ လူသားတွေ အသုံးပြုနေတဲ့ မျက်မှန်ကို တီထွင်နိုင်ခဲ့တာပါ ။ ကမ္ဘာကျော်မင်းသမီးကြီး မာသာဂရေဟမ်ဟာ အသက် ၇၆ နှစ်မှာ မှသူ့အနုပညာလုပ်ငန်းတွေ အအောင်မြင်ဆုံး ဖြစ်ခဲ့တာပါတဲ့ ။ များ သောအားဖြင့် လူသားအကျိုးပြု ဆေးပညာ နိုဘယ်ဆုတို့ ၊ ဓာတုဗေဒ၊ ရူပဗေဒ နိုဘယ်ဆုရှင်တွေဟာ အသက် ၅၀ ကျော် ၆၀ ကျော်မှ ရကြတာပါ။ ဒီအသက် ဒီအရွယ်ရောက်မှ အတွေးသစ်၊ အမြင်သစ်၊ အသိသစ်တွေကို ထုဆစ် ပုံဖော်နိုင်တာကြောင့်လို့ ဆိုပါတယ်။

အိုခြင်းဟာ ကြောက်စရာ မဟုတ်ပါဘူးလို့ ကိုယ့်ကိုယ်ကိုယ် အားပေးမိတာပါ။ ဘဝမှာ တန်ဖိုးရှိရှိ နေထိုင် ဖြတ်သန်းခဲ့ရင်ပေါ့လေ။ ဘဝတန်ဖိုးကို ထိုးထိုးထွင်းထွင်း သိမြင်ပြီး ကိုယ့်ဘဝထဲက အနှစ်သာရကို ထုတ်ယူတတ်ခဲ့သူ ဖြစ်ခဲ့ရင်ပေါ့လေ။

အိုခြင်း၊ သေခြင်းနဲ့ ပတ်သက်ပြီးတော့ ကောသလ သံသုတ်မှာ မြတ်စွာဘုရားရှင် ဟောကြားတော်မူထားတာကို အကျဉ်းချုပ် တင်ပြလိုပါ

သေးတယ်။ ကောသလမင်းကြီးနဲ့ အမေးအဖြေပါ။ အခါတစ်ပါးမှာ မြတ်စွာဘုရားရှင်ဟာ နေမွန်းတည့်မှ ရောက်လာတဲ့ ကောသလမင်းကြီးကို ဘာဖြစ်လို့ နောက်ကျနေရတာလဲလို့ မေးပါတယ်။

မင်းကြီး - မင်းမှုရေးရာ များ ပြားသောကြောင့် နောက်ကျနေရပါသည် ။

ဗုဒ္ဓ - ရခဲလှသော လူ့ဘဝ၌ လူအပေါင်းပျက်စီးစေမည့် ဘေး ပေါ်ခဲ့သော် သင် ဘယ်လိုပြုလုပ်မည်နည်း။

မင်းကြီး - ဤသို့ ဖြစ်ခဲ့သော်…တရားသဖြင့် ကျင့်ခြင်း၊ မျှတစွာ ကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုကို ကျင့်ခြင်းမှ တစ်ပါး တခြားပြုဖွယ်ရာ ရှိမည်မဟုတ်ပါ။

ဗုဒ္ဓ - မင်းကြီး…စင်စစ် အိုခြင်း၊ သေခြင်းသည် သင့်ကို အစဉ်လွှမ်းမိုးနေ၏။ ဤသို့ ဆိုသော် သင်သည် အဘယ်ကိစ္စကို ပြုသင့်သနည်း။

မင်းကြီး - အရှင်ဘုရား…အိုခြင်း သေခြင်း လွှမ်းမိုးနေစဉ် တရားသဖြင့် ကျင့်ခြင်း၊ မျှတစွာ ကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပြုခြင်းမှ တစ်ပါး တခြားပြုဖွယ်ရာ ရှိမည်မဟုတ်ပါ။ အရှင်ဘုရား…ကျယ်ပြန့်သော မြေပြင်ကို အစိုးရသောမင်းတို့ သည် ဆင်၊ မြင်း၊ ရထား၊ ခြေလျင် စစ်သားတို့ ဖြင့် စစ်ထိုးနိုင်စွမ်း ရှိပါသည် ။ အိုခြင်း၊ သေခြင်းကို ထိုသို့ စစ်ထိုးနိုင်ခြင်း မရှိပါ။ မင်းတို့ သည် ရန်သူတို့ ကို နည်းဗျူဟာ အမျိုးမျိုးဖြင့် ပြိုကွဲစေနိုင်ပါသည် ။ အိုခြင်း၊ သေခြင်းအား ထိုနည်းဗျူဟာ အမျိုးမျိုးတို့ ဖြင့် စစ်ထိုးနိုင်ခြင်း မရှိပါ။ မင်းတို့ သည် ရန်သူကို သွေးဆောင်နိုင်ရန် ရွှေ၊ ငွေ၊ ဥစ္စာ အမြောက်အမြားရှိသည် ။ အိုခြင်း၊ သေခြင်းအား ထိုပစ္စည်းဥစ္စာဖြင့် သွေးဆောင်နိုင်ရန်

အလားအလာမရှိပါ။

ဗုဒ္ဓ - မင်းကြီး…မှန်ပေသည် ။ အိုခြင်း၊ သေခြင်း လွှမ်းမိုးနေစဉ် တရားသဖြင့် ကျင့်ခြင်း၊ မျှတစွာ ကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပြုခြင်းမှ တစ်ပါး အခြားပြုသင့်သော ကိစ္စမရှိပေ။

ကြီးမားသော ကျောက်တောင်တို့ သည် မိုးကောင်းကင်ကို ထိ၍ အရပ်လေးမျက်နှာမှ သတ္တဝါတို့ ကို ကြိတ်ခြေရန် လိမ့်လာသကဲ့သို့ အိုခြင်း၊ သေခြင်းတို့ သည် သတ္တဝါအားလုံးကို ကြိတ်ချေရန် လိမ့်လာနေ၏။ လွှမ်းမိုးနှိပ်စက်၍ နေကုန်၏။

သြော်…အိုမင်းခြင်း၊ သေခြင်းတရားတွေဟာ သတ္တဝါတွေမှာ အမြဲမပြတ် လွှမ်းမိုး နှိပ်စက်နေတာပါလားလို့ ဆင်ခြင်မိပါတယ်။ မေ့မေ့လျော့လျော့နေခဲ့တဲ့ ကာလကလည်း မနည်းလှပါဘူး။ လူတွေထဲက လူတစ်ယောက်ဖြစ်တဲ့ အားလျော်စွာ အိုခြင်း၊ သေခြင်းတရားတွေကို သံဝေဂရတဲ့ အခါရ၊ ပြီးပြန်တော့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားတတ်တာပါပဲ။ ဒါပေမဲ့ ဘယ်လိုပဲ မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့ဖြစ်ခဲ့၊ အချိန်တန်ရင်တော့ သူတို့ တစ်တွေဟာ ကိုယ့်အိမ်တံခါးဝကို လာခေါက်မှာလည်း အသေချာပါ။

အဲဒီအခါ သတိတရားကို သတိရလာမိပါတယ်။ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ မှ လွတ်မြောက်ရာ ချမ်းသာ အမှန်တကယ် ရှိတယ်ဆိုတဲ့ အသိကလည်း တအားတက်စေခဲ့တာပါ။ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ပြီးမှ သိခဲ့တွေ့ခဲ့ရတဲ့ အသိကို မြတ်စွာဘုရားရှင်က အမွေတော် ထားရစ်လို့ ကျွန်တော်တို့ ကံထူးသူ ထေရဝါဒတွေ သိခွင့် ကြုံခွင့်ရခဲ့တာ မဟုတ်လား။

အိုခြင်း၊ နာခြင်း၊ သေခြင်းတွေရဲ့ ကင်းရာဆိုတဲ့ ဉာဏ်ဟာ နားလည်

ရ ခက်ကောင်း ခက်နိုင်ပေမယ့် ကြိုးစား အားထုတ်ရင် လူတိုင်းလူတိုင်း သိမြင်နိုင်တာပါ။

ဘဝကို သတိနဲ့ အမြဲမပြတ် နေနိုင်ပြီဆိုရင် ပစ္စုပ္ပန်တည့်တည့်မှာ စိတ်ကို ထားနိုင်ပြီဆိုရင် အလောင်းစည်သူမင်းကြီး ကြွေးကြော်ခဲ့သလို 'ငါ မအိုသေးဘူး' ဆိုတာထက် 'ငါ မအိုတော့ဘူး' 'ငါ မသေတော့ဘူး' လို့ ကြွေးကြော်နိုင်မှာ အသေချာပါပဲ။ အိုခြင်း၊ နာခြင်း၊ သေခြင်းကို အောင်နိုင်တဲ့ သူထက် လောကမှာ အမြင့်မားဆုံး အောင်နိုင်တဲ့ သူ ဘယ်ရှိဦးမှာ တဲ့ လဲလေ။

***